IOM
UN MIGRATION

# ကျောက်ဖြူမြို့နယ်
## အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်
## ၂၀၁၉ခုနှစ်၊ ဩဂုတ်လ။








USAID
FROM THE AMERICAN PEOPLE

IDM-RAND

Rakhine State

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅

ကျောက်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ . . . . . . . . . . . . . . . . . ၆

အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် . . ၇

၁. ၁ နောက်ခံသမိုင်းကြောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၂ ရည်မှန်းချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၇

၁. ၃ အကျိုးရလဒ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

၁. ၄ လုပ်ငန်းစဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

အခန်း (၂) ကျောက်ဖြူမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှုဆန်းစစ်ချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉

၂. ၁ ဆိုင်ကလုန်းမုန်တိုင်းဘေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉

၂. ၂ ထိခိုက်ခံရလွယ်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂

၂. ၂. ၁ ဆိုင်ကလုန်းလေတိုက်ခတ်နှုန်း (၁နာရီ မိုင် ၁၀၀ အထက်) . . . . . . . . . . . . . . . . . . . . . ၁၂

၂. ၂. ၂ ကျောက်ဖြူမြို့နယ်အရေးပေါ်အခြေအနေ ရွှေ့ပြောင်းနေရာချထားရန် ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄

အခန်း (၃)အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးအတွက်ကဏ္ဍအသီးသီးဖွဲ့စည်း ပုံ . . . . . . . . . . . . ၁၇

၃. ၁ ကျောက်ဖြူမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက်ဖွဲ့စည်းပုံ . . . . . . . ၁၇

၃. ၂ ကျောက်ဖြူမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၇

၃. ၂. ၁ ကျောက်ဖြူမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ. . . . . . . . . . . . . . . . . . . . . . . . ၁၇

၃. ၂. ၂ ကျောက်ဖြူမြို့နယ်ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . . . ၁၈

၃. ၂. ၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၃ ကျောက်ဖြူမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၃. ၁ ကျောက်ဖြူမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . ၁၉

၃. ၃. ၂ ကျောက်ဖြူမြို့နယ် ကြိုတင်အသိပေးရေးကဏ္ဍချိတ်ဆက်မှုပုံစံ . . . . . . . . . . . . . . . . . . . . ၂၀

၃. ၃. ၃ ကြိုတင်အသိပေးရေးလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၀

၃. ၄ ကျောက်ဖြူမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ. . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၄. ၁ ကျောက်ဖြူမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ဖွဲ့စည်းပုံစံ . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၄. ၂ ရှာဖွေကယ်ဆယ်ရေးကဏ္ဍချိတ်ဆက်မှုပုံစံ. . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၂

၃. ၅ ကျောက်ဖြူမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . ၂၃

၃. ၅. ၁ ကျောက်ဖြူမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . ၂၃

၃. ၅. ၂ ကျောက်ဖြူမြို့နယ် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှု ပုံစံ . . . . . . . . . . . . . . . ၂၄

၃.၅.၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား ........................................................ ၂၅

၃.၆ ကျောက်ဖြူမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ................................ ၂၅

၃.၆.၁ ကျောက်ဖြူမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွဲ့စည်းပုံ ..................... ၂၅

၃.၆.၂ ကျောက်ဖြူမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ချိတ်ဆက်မှု ပုံစံ ................ ၂၇

၃.၆.၃ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြဇယား ........................................................ ၂၈

၃.၇ ကျောက်ဖြူမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ................................ ၂၉

၃.၇.၁ ကျောက်ဖြူမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ လုပ်ငန်းအတွက် ဖွဲ့စည်းပုံ ............ ၂၉

၃.၇.၂ ကျောက်ဖြူမြို့နယ်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ.................. ၃၀

၃.၇.၃ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ချိတ်ဆက်ခြင်းပြဇယား........................................................ ၃၀

၃.၈ ကျောက်ဖြူမြို့နယ် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ................... ၃၁

၃.၈.၁ ကျောက်ဖြူမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ဖွဲ့စည်းပုံ........................................................ ၃၁

၃.၈.၂ ကျောက်ဖြူမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ချိတ်ဆက်မှုပြပုံစံ........................................................ ၃၂

၃.၈.၃ ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ချိတ်ဆက်ခြင်းပြဇယား............................ ၃၃

၃.၉ ကျောက်ဖြူမြို့နယ် လုံခြုံစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍ ............................ ၃၃

၃.၉.၁ ကျောက်ဖြူမြို့နယ် လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ............................ ၃၃

၃.၉.၂ ကျောက်ဖြူမြို့နယ် လုံခြုံရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ............................ ၃၄

၃.၉.၃ လုံခြုံရေးလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်ခြင်းပြဇယား ........................................................ ၃၄

အခန်း (၄) ကျောက်ဖြူမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ........................................................ ၃၅

၄.၁ အရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေး ............................ ၃၅

၄.၂ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး .............. ၃၅

၄.၃ သဘာဝဘေးကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက်............................ ၃၅

၄.၄ ကျောက်ဖြူမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ........................................................ ၃၇

၄.၄.၁ ကျောက်ဖြူမြို့နယ် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ....... ၃၇

၄.၄.၂ ကြိုတင်သတိပေးရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ................ ၃၈

၄.၄.၃ ရှာဖွေကယ်ဆယ်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ................ ၄၀

၄. ၄. ၄ ခိုလှုံရာနေရာရေးကဏ္ဍ၏စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .................. ၄၃
၄. ၄. ၅ ကျန်မာရေးစောင့်ရှောက်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ............ ၄၅
၄. ၄. ၆ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ... ၄၇
၄. ၄. ၇ ကနဦးလိုအပ်ချက်နှင့်ပျက်စီးဆုံးရှုံးရေးအတည်ပြုရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ........................................................ ၄၈
၄. ၄. ၈ လုံခြုံစောင့်ရှောက်ရေးကဏ္ဍ ၏စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ................ ၄၉
အခန်း (၅) ကျောက်ဖြူမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များလုပ်ဆောင်ရန် တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီး၏ အရင်းအမြစ်နှင့် လိုအပ်ချက်များ .......................... ၅၁
၅. ၁ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍဒေသအတွင်းရှိ အရင်းအမြစ်များလိုအပ်ချက်နှင့် ကွာခြားချက်များ ........ ၅၁
၅. ၂ ကြိုတင်သတိပေးချက်ကဏ္ဍဒေသအတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့်ကွာခြားချက်များ..... ၅၂
၅. ၃ ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ဒေသအတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြားချက်များ .... ၅၂
၅. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဒေသအတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြား ချက်များ. ၅၃
၅. ၅ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြားချက် များ .. ၅၄
၅. ၆ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ လိုအပ်ချက်နှင့် ကွာခြားချက်များ..... ၅၅
၅. ၇ ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေးကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များလိုအပ်ချက်နှင့် ကွာခြားချက်များ ........................................................ ၅၆
၅. ၈ လုံခြုံရေးကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များလိုအပ်ချက်နှင့် ကွာခြားချက်များ.............. ၅၆
အခန်း (၆) ကျောက်ဖြူမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ စောင့်ကြည့်သုံးသပ်ခြင်းနှင့် အရေးပေါ်အခြေအနေတွင် ပေါင်းစပ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ပြပုံစံ ............... ၅၇
၆. ၁ တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီးအတွက် အစိုးရဌာနအသီးသီးနှင့် အခြားသောပူးပေါင်း ပါဝင်ဆောင်ရွက်သူ (Stakeholders) များ၏ ချိတ်ဆက်မှုပြပုံစံ ................................ ၅၇
နောက်ဆက်တွဲ ........................................................ ၅၉
နောက်ဆက်တွဲ (၁) ကျောက်ဖြူမြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ အမည်စာရင်းနှင့်ဖုန်းနံပါတ်များ ..... ၅၉
နောက်ဆက်တွဲ (၂) ကျောက်ဖြူမြို့နယ်ရှိ ထိခိုက်ခံရလွယ်မှု အများဆုံးရှိသည့် ကျေးရွာ၊ မြို့ပေါ်ရပ်ကွက်များနှင့် လူဦးရေစာရင်းများ (ဆိုင်ကလုန်း မိုင် ၁၀၀) အထက် ................................ ၆၁
နောက်ဆက်တွဲ (၃) ရခိုင်ပြည်နယ် မြန်မာကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုထားရှိသော ရေယာဉ်လိုင်စင်များစာရင်း ........................ ၆၃
နောက်ဆက်တွဲ (၄) ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအခြေပြု ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှုနှင့် ခိုလှုံရာနေရာလိုအပ်ချက်များ ................................................ ၆၇
နောက်ဆက်တွဲ (၅) ကျောက်ဖြူမြို့နယ် ထိခိုက်ခံရလွယ်သောအုပ်စုများ ခိုလှုံမည့်နေရာများနှင့် လိုအပ်ချက်များ ........................................................ ၈၉
နောက်ဆက်တွဲ (၆) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူမည့်ပုံစံ .......... ၉၁
နောက်ဆက်တွဲ (၇) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူသည့် Website နှင့် Kobo Application ........................................................ ၉၃
အကိုးအကားများ ........................................................ ၉၄

## ဇယားများ

ဇယား (၁) ဆိုင်ကလုန်းမုန်တိုင်းဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ . . . . . . . . . . . . . . . . . . . . ၉

## ပုံများ

ပုံ (၁) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်းသက်ရောက်နိုင်ခြေပြမြေပုံ (၁ နာရီ မိုင်၁၀၀ အထက်) . . . . . . . ၁၁

ပုံ (၂) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း ထိခိုက်နိုင်ခြေပြမြေပုံ (၁နာရီ မိုင် ၁၀၀ အထက် ). . . . . . . . . ၁၃

ပုံ (၃) ကျောက်ဖြူမြို့နယ် ထိခိုက်ခံရလွယ်သော အုပ်စုများ ခိုလှုံမည့် နေရာများနှင့် လိုအပ်ချက်များ . . . . . . ၁၅

ပုံ (၄) ကျောက်ဖြူမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများအခြေအနေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆

# ကျေးဇူးတင်လွှာ

ကျောက်ဖြူမြို့နယ် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို သဘာဝဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်အတွင်းဌာနဆိုင်ရာများမှ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ မြို့နယ်အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာများ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) ၏ နည်းပညာပံ့ပိုးကူညီမှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုပြည့်စုံပြီး သက်ဝင်လှုပ်ရှားမှုရှိသော စီမံချက်ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေးခြင်း၊ ဒေသတွင်ရှိနိုင်သည့်အရင်း အမြစ်များလိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်မှုများ ပြုလုပ်ခြင်း၊ လိုအပ်သော အချက်အလက်များကို ဌာနဆိုင်ရာများမှတဆင့် ကောက်ယူခြင်းစသည့် အချက်များပေါ် အခြေခံသော လုပ်ငန်းစဉ်များဖြင့် စီမံချက်ကို အားဖြည့်ရေးဆွဲထားသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)အနေဖြင့် ဤမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကိုရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသဖြင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံးကို များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ဤစီမံချက်ရေးဆွဲနိုင်ရေးနှင့် စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေရေးအတွက် ငွေကြေးဖြင့်ပံ့ပိုးကူညီပေးခဲ့သော USAID/ OFDA ကိုလည်း များစွာကျေးဇူးတင်ရှိပါသည်။

ဤကျောက်ဖြူမြို့နယ်အတွင်း အန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ခြေအမျိုးအစားအလိုက် ထိခိုက်ဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်နိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ် ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီး အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍများအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကြိုတင်ဆွေး နွေးဖော်ထုတ်ထားသည်။ သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုများအတွက်ဘေးဒဏ်ခံနိုင်စွမ်းကိုတိုးမြှင့်ပေးရန် မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan)ကို သဘာဝဘေးလျော့ပါးရေးဆိုင်ရာများတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ဖော်ထုတ်ဆွေးနွေးထားပါသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်)သည် အလားတူ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းလွှမ်းခြုံရာ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ မောင်တောနှင့် စစ်တွေမြို့နယ်များအပြင်၊ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရေးဆွဲနိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ငွေကြေးအထောက်အကူများမရရှိပါက စီမံချက်စာအုပ်သည်အောင်အောင်မြင်မြင် ထွက်ပေါ်လာနိုင်မည် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့သောအကူအညီများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

**International Organization for Migration – IOM**

**UN Migration Agency**

## ကျောက်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ

ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူမြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဉတုနှင့်သဘာဝ ပတ်ဝန်းကျင်အရသော် လည်းကောင်း ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး၊ မီးဘေး၊ ရေကြီးခြင်းဘေး (မိုးများခြင်းနှင့် ပင်လယ်ဒီရေတက်ခြင်း) စသည့် ဘေးအမျိုးမျိုးကျရောက်နိုင်ခြေရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။

၂၀၁၀ခုနှစ် အောက်တိုဘာလတွင် ကျရောက်ခဲ့သော ဂီရိဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၁၅ ခုနှစ် ကိုမန်မုန်တိုင်းဒဏ်ကြောင့် မုန်တိုင်းဘေးဖြစ်စဉ်များကို သင်ခန်းစာယူဆန်းစစ်လေ့လာပြီး ကြိုတင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် **International Organization for Migration (IOM)** (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း)တို့နှင့်ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးလွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအခါ ကျောက်ဖြူမြို့နယ်သည် ထိခိုက်ဆုံးရှုံးနိုင်ခြေအဖြစ်များသော ဆိုင်ကလုန်းဘေး ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံပြီး အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါသည်။ ထိုစီမံချက်ရေးဆွဲရာတွင် (အိုင်အိုအမ်) မှ နည်းပညာပိုင်းဆိုင်ရာများ၊ ငွေအင်အား၊ လူအင်အားများနှင့် စီမံချက်ရေးဆွဲနိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ပြီး မြို့နယ်အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ အချိန်ယူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီမံချက်ကိုအောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါသည်။ ဤစီမံချက်ကိုရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခဲ့သော မြို့နယ်အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးကော်မတီဝင်ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် နည်းပညာနှင့် ကျွမ်းကျင်မှုများပံ့ပိုးပေးခဲ့သော International Organization for Migration - IOM (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း) နှင့် အချက်အလက်ကောက်ယူရာတွင် လိုအပ်သော ကူညီမှုပေးခဲ့သော ပါဝင်ပတ်သက်သူများအားလုံးနှင့် ငွေကြေးပံ့ပိုးမှု ပေးထားသော USAID-OFDA ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။



ဥက္ကဋ္ဌ

(ဦးစိုးမိုးကျော်၊ ပ /၅၅၆၅)

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ကျောက်ဖြူမြို့

# အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်

## ၁. ၁ နောက်ခံသမိုင်းကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ တောမီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားခြင်းဘေးများကို မကြာခဏ ခံစားရသော နိုင်ငံဖြစ်သည်။ နိုင်ငံအား သဘာဝဘေးအန္တရာယ်များမှ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြင့်စေရန်အတွက် အဖွဲ့အစည်းစနစ်ဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင်အဖွဲ့အစည်းဆိုင်ရာစနစ်ကို တည်ထောင်ထားရှိရန်လမ်းညွှန်ချက်များကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထိုအဖွဲ့အစည်း ဆိုင်ရာစနစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး ကော်မတီများနှင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ကို နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအုပ်စု အဆင့်တို့တွင် ရေးဆွဲထားရန် လမ်းညွှန်ထားသည်။

အစိုးရဌာနဆိုင်ရာများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲဆိုင်ရာ လုပ်ငန်းအများစုမှာ ဘေးကျရောက်စဉ်ကာလ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များကို တိကျသေချာစွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များမှာ လိုအပ်မှု၊ အားနည်းမှုများရှိသည်ကို တွေ့ရသည်။ အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အချိန်တိုအတွင်း ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထား သောလုပ်ထုံးလုပ်နည်းများ ကြိုတင်ဆွေးနွေးဖော်ထုတ်ထားရန် လိုအပ်သည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြင့်ပေးရန် မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ် ကာလတုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan) ကို ဆွေးနွေးဖော်ထုတ်ရေးဆွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်နိုင်မှုဆိုင်ရာ အသိပညာမြင့်တင်ပေးခြင်းသည် အဓိကကျသော လုပ်ငန်းတစ်ခုဖြစ်သည်။ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများကို လျှော့ချပေးနိုင်သည်သာမက မြို့နယ်ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်းများ၊ လူမှုဂရုဏာအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကို ရေးဆွဲထားခြင်းဖြင့် စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၁. ၂ ရည်မှန်းချက်များ

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် ရေးဆွဲခြင်း၏ ရည်မှန်းချက်များမှာ -

- အဓိက အစိုးရဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာစွမ်းဆောင်ရည် မြင့်တင်ပေးရန်။
- ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် (ပစ္စည်းကိရိယာနှင့်လူသားအရင်းအမြစ်) ကိုဖော်ထုတ်ရန်နှင့် မြို့နယ်အတွင်းရှိ ထိခိုက်ခံရလွယ်သော လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှုအရင်းအမြစ်လိုအပ်ချက် ဖော်ထုတ်ရန်။
- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်မှု စံသတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ရန်။

- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေး (ဖော်ထုတ်ထားသော ထိခိုက်ခံရလွယ်ဦးရေ)အတွက် ကဏ္ဍအသီးသီးအလိုက် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု စံညွှန်းများအတွက် ကဏ္ဍအလိုက်ချိတ်ဆက်မှုများ (အထက်-အောက်၊ ဘေးတိုက်) ကို ဖော်ထုတ်ရန်။

## ၁. ၃ အကျိုးရလဒ်များ

- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာနှင့် စွမ်းရည်တိုးလာခြင်း။
- မြို့နယ်၏ ရှိထားနှင့်ပြီးသော အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်မှု စွမ်းဆောင်ရည် ပစ္စည်းကိရိယာနှင့် လူသားအရင်းအမြစ်) လေ့လာဆန်းစစ်ချက်နှင့် ထိခိုက်ခံရလွယ်လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ်လိုအပ်ချက်နှင့် ကွာခြားချက်များ ကြိုတင်ဖော်ထုတ်နိုင်ခြင်း။
- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ဆောင်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုကဏ္ဍ အသီးသီးအတွက် အဓိကဦးဆောင်မည့်ဌာန၊ အကျိုးတူပူးပေါင်းမည့် အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများ ထွက်ပေါ်လာခြင်း။
- အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် စားပွဲဝိုင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့်စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိအောင် ဖော်ဆောင်နိုင်ခြင်း။
- အန္တရာယ်အမျိုးအစား ဖြစ်စဉ်ဖြစ်ရပ်အခြေပြု အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းတို့ဖြစ်သည်။

## ၁. ၄ လုပ်ငန်းစဉ်

- မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်မှု အရင်းအမြစ်လေ့လာခြင်း။
- ပြည်နယ်နှင့်မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု သင်တန်းများ ပြုလုပ်ပေးခြင်း။
- အခြေအနေဖြစ်စဉ်ပေါ် အခြေခံသော ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရလွယ်သူများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အဓိက ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသနှင့်ကိုက်ညီသော စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများကို ဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု အကူအညီ (မိုဘိုင်းအပလီကေးရှင်း၊ တက်ဘလက်၊ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးသေတ္တာ၊ ကြိုတင်သတိပေးရေး ပစ္စည်းကိရိယာများ) ထောက်ပံ့ပေးခြင်း။
- ဆက်နွယ်ပတ်သက်သူအားလုံးပါဝင်သော စားပွဲဝိုင်းလေ့ကျင့်ခန်းများပြုလုပ်ကာ အရေးပေါ်ကာလတုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကို စတင်လုပ်ဆောင်ခြင်း။
- အတည်ပြုထားသော အရေးပေါ်ကာလတုံ့ပြန် ဆောင်ရွက်ရေးစီမံချက်ကို စာအုပ်ထုတ်ဝေပေးအပ်ခြင်းတို့ဖြစ်သည်။

# အခန်း (၂) ကျောက်ဖြူမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှုဆန်းစစ်ချက်

ကျောက်ဖြူမြို့နယ်သည် ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့ကြောင့် ဘေးအန္တရာယ်အမျိုးမျိုးဖြစ်သော ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ ဆူနာမီ၊ ငလျင်၊ လေပြင်ဘေးနှင့် မီးဘေးစသည်တို့ ကျရောက်နိုင်ခြေများသည်။ မြို့နယ်ဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်တွင် သက်ရောက်နိုင်ခြေရှိသော ဘေးအမျိုးမျိုးအတွက်ထိခိုက် ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်နှင့် လေ့လာဆန်းစစ်မှုရလဒ်ကို အသေးစိတ်ဖော်ထုတ်ထားသည်။ အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရာတွင် ကျောက်ဖြူမြို့နယ်အတွက် ယခင်သမိုင်းကြောင်းနှင့် ပထဝီအနေအထားအရသက် ရောက်နိုင်ခြေများသော ဆိုင်ကလုန်းဘေးဖြစ်စဉ်ကို အခြေခံပြီး ဆိုင်ကလုန်းမုန်တိုင်း၊ လေတိုက်ခတ်နှုန်း ၁နာရီ လျှင် မိုင် (၁၀၀ အထက် ) ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်း ဖြစ်စဉ်ဖြစ်ရပ်ကို အခြေပြုကာစီမံချက်ကို ဆွေးနွေးဖော်ထုတ်ထားသည်။

## ၂. ၁ ဆိုင်ကလုန်းမုန်တိုင်းဘေး

ဆိုင်ကလုန်းမုန်းတိုင်းဘေး ကျရောက်နိုင်ခြေပြမြေပုံ ဖော်ထုတ်ရာတွင် အောက်ဖော်ပြပါ မြောက်များစွာသော အခြေခံအချက်အလက်များကို အခြေခံသည်။ ၄င်းတို့မှာလေတိုက်ခတ်မှု ပြင်းအား၊ မြေမျက်နှာသွင်ပြင်၊ မြေယာအသုံးချမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုပြင်းအားအပေါ်မူတည်သော ရေလွှမ်းမိုးနိုင်မှု၊ အနက်ပမာဏတို့ဖြစ်သည်။ ယခင်က ဖြစ်ပွားခဲ့သော ဘေးဖြစ်စဉ်သမိုင်းကြောင်း အခြေခံကာဒေသအတွင်း ဖြစ်ပွားနိုင်ခြေရှိသည့် လေပြင်း တိုက်ခတ်နိုင်မှု နှုန်းထားများပေါ် အခြေပြုပြီးအန္တရာယ် ကျရောက်နိုင်ခြေ ဆန်းစစ်ချက် ပြုလုပ်ထားသည်။ ထိုလေတိုက်ခတ်မှုနှုန်းထားများမှာ-လေတိုက်ခတ်နှုန်း ၁နာရီမိုင် (၅၀-၁၀၀)အတွင်း ဒေသတစ်ခုအတွင်း ဆိုင်ကလုန်းမုန်တိုင်း၏ ဖြစ်နိုင်ဖွယ်အလားအလာရှိမှုကို တိုင်းတာရာတွင် အထက်တွင်ဖော်ပြထားသော မူဘောင်သတ်မှတ်ချက်များကိုအခြေခံကာ အညွှန်းကိန်းတန်ဖိုး (၀) မှ (၁) ဟူပြီး သတ်မှတ်သည်။ သတ်မှတ်မှုဘောင်တစ်ခုချင်းစီကို အလေးချိန်တန်ဖိုး ၀-၁၀၀%ကြားချမှတ်ကာ၊ အန္တရာယ်ပြင်းအားတွင် ပါဝင်သောအစိတ်အပိုင်းများ၏ သက်ရောက်နိုင်မှု၊ အန္တရာယ်အား အမြင့်ဆုံးဖြစ်အောင် ထပ်မံပေါင်းစပ်မှုများအရ ခွဲဝေသတ်မှတ်သည်။ ယခင်ဖြစ်ခဲ့သောဆိုင်ကလုန်းမုန်တိုင်း၏ လေတိုက်နှုန်းပေါ်တွင် အခြေခံကာ ရေလွှမ်းမိုးနိုင်ခြေကို တွက်ချက်သည်။ မုန်တိုင်းဒီရေအမြင့်နှင့် မိုးရွာသွန်းမှုပြင်းအားများကို ထည့်သွင်းစဉ်းစားပြီး အတိုင်းအတာကို ဖော်ထုတ်သည်။။ ရေလွှမ်းမိုးမှုအမြင့်အား ဒေသအတွင်း အင်အားပြင်းသော ရေလွှမ်းမိုးမှုအမြင့်ပေါ်တွင် ဆန်းစစ်သည်။

အောက်ဖော်ပြပါ ဇယားတွင် သတ်မှတ်ချက်မူဘောင်၊ အညွှန်းကိန်းနှင့်အရင်းအမြစ်များကို အသေးစိတ် ဖော်ပြထားသည်။

ဇယား (၁) ဆိုင်ကလုန်းမုန်တိုင်းဘေး ဆန်းစစ်ချက် တွက်ချက်မှုအတိုင်းအတာ

| သတ်မှတ်ချက်မူဘောင် | အတန်းအစား | ရမှတ် | ပမာဏ | အရင်းအမြစ် |
|---|---|---|---|---|
| လေတိုက်ခတ်မှုပြင်းအား | ၁နာရီမိုင် ၅၀-၁၀၀ | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၅၀% | ဖြစ်စဉ်ဖြစ်ရပ် |
| မြေမျက်နှာသွင်ပြင် | လျှောစောက်(နိမ့်)<br>လျှောစောက်(အလယ်အလတ်)<br>လျှောစောက်(မြင့်) | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ၂၅% | Digital Elevation Model |
| မြေယာအသုံးချမှု | အခြေချနေထိုင်မှု<br>မြေလွတ်၊ စပါးစိုက်ခင်း | ၁<br>၀. ၆၆၆ | ၂၅% | Bing Satellite image |

| | | | | |
|---|---|---|---|---|
| | စိုက်ပျိုးမြေ၊သစ်တောမြေ | ၀. ၃၃၃ | | classification |
| ရေလွှမ်းမိုးမှုအနက်<br>(မုန်တိုင်းဒီရေလှိုင်းမိုးရေချိန်) | ၁မီတာ အထက်<br>၁-၂မီတာ<br>၁မီတာအောက် | ၁<br>၀. ၆၆၆<br>၀. ၃၃၃ | ထပ်မံပေါင်းစပ် | |

## ပုံ (၁) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်းသက်ရောက်နိုင်ခြေပြမြေပုံ (၁ နာရီ မိုင်၁၀၀ အထက်)




IOM UN MIGRATION
USAID FROM THE AMERICAN PEOPLE

## ၂. ၂ ထိခိုက်ခံရလွယ်မှု

### ၂. ၂. ၁ ဆိုင်ကလုန်းလေတိုက်ခတ်နှုန်း (၁နာရီ မိုင် ၁၀၀ အထက်)

လေတိုက်နှုန်းအပေါ် အခြေခံသော ထိခိုက်လွယ်မှု အကဲဖြတ်ဆန်းစစ်ချက် သည်လည်း ဖြစ်စဉ်များအပေါ်တွင် အခြေခံမည်ဖြစ်သည်။ ထိခိုက်လွယ်မှု အကဲဖြတ်ဆန်းစစ်ချက်ကို၎ အခန်း၏ အစပိုင်းတွင် ဖော်ပြထားခဲ့ပြီးသည့် နည်းလမ်းများ အတိုင်းပြုလုပ်မည်ဖြစ်သည်။

လေတိုက်နှုန်း တစ်နာရီမိုင် (၁၀၀ အထက်)ဖြစ်စဉ်တွင်မြို့နယ်တစ်ခုလုံး၏ ထိခိုက်နိုင်ခြေရှိသော လူဦးရေမှာ (၁၄၁၇၉) ဦးဖြစ်သည်။ ထိခိုက်နိုင်ခြေရှိသော အိမ်ခြေအရေအတွက်မှာ (၂၃၁၂) အိမ်ဖြစ်သည်။ လေတိုက်နှုန်း တစ်နာရီ မိုင် ၅၀-၁၀၀ရှိသော ဆိုန်ကလုန်းမုန်တိုင်း ကြောင့် ဆိုး ရွာစွာပျက်စီးမှုကို ဖြစ်ပေါ်စေနိုင် သောကြောင့် ကုန်ထုတ်လုပ်မှု ကဏ္ဍထိခိုက်နိုင်မှုမှာလည်း သိသာစွာမြင့်တက်နိုင်သည်။ မုန်တိုင်းဒီရေနှင့် ပေါင်းစပ်မိပါက ကုန်ထုတ်လုပ်မှု ကဏ္ဍအများစုကို အများဆုံး ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်သည်။

အထူးသဖြင့်အမြင့်ပိုင်းဒေသများနှင့်ရုတ်ချည်းနိမ့်ဆင်းသွားသော ဆင်ခြေလျှောအနိမ့်ပိုင်းများဒေသများရှိ သဘာဝ ပတ်ဝန်းကျင်များ (ဒီရေတောနှင့်သစ်တော) တို့၏ ထိခိုက်ခံရလွယ်မှုမှာ ပိုမိုမြင့်တက်စေနိုင်သည်။

ပုံ (၂) ကျေးရွာအုပ်စုအလိုက် ဆိုင်ကလုန်း ထိခိုက်နိုင်ခြေပြမြေပုံ (၁နာရီ မိုင် ၁၀၀ အထက် )



### ၂. ၂. ၂ ကျောက်ဖြူမြို့နယ်အရေးပေါ်အခြေအနေ ရွှေ့ပြောင်းနေရာချထားရန် ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု

ဆိုင်ကလုန်မုန်တိုင်းဘေး မိုင် ၁၀၀ အထက် ကြားတိုက်ခတ်ပါက အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်အတွက် ဦးစားပေး တုံ့ပြန်ဆောင်ရွက်ရန် ထိခိုက်ခံရလွယ်သော ကျေးရွာနှင့် သက်ရောက်နိုင်သော လူဦးရေကို မြို့နယ်အဆင့် ဖော်ထုတ်ထားရာ အုပ်စု (၁၆) အုပ်စုနှင့် ကျေးရွာ (၄၁)ရွာမှ လူဦးရေစုစုပေါင်း (၁၆၀၀၀) ဦး ရှိပြီး အသေးစိတ်စာရင်းကို နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသည်။

ကျောက်ဖြူမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများအတွက်ခိုလှုံရာနေရာများကို ကြိုတင် ဖော်ထုတ်သတ်မှတ်ထားပြီး အရေးပေါ်အခြေအနေ ရွှေ့ပြောင်းခိုလှုံရာအခြေအနေပြမြေပုံကို ပုံ(၄)တွင် ဖော်ပြထား သည်။

ကျေးရွာအုပ်စုအလိုက် လူဦးရေနှင့် ခိုလှုံရာနေရာလိုအပ်မှုပြမြေပုံကို ပုံ(၃) တွင်ဖော်ပြထားပါသည်။

## ပုံ (၃) ကျောက်ဖြူမြို့နယ် ထိခိုက်ခံရလွယ်သော အုပ်စုများ ခိုလှုံမည့် နေရာများနှင့် လိုအပ်ချက်များ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)

ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

ပုံ (၄) ကျောက်ဖြူမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက
အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများအခြေအနေ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)
ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

# အခန်း (၃)အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးအတွက်ကဏ္ဍအသီးသီးဖွဲ့စည်း ပုံ

## ၃. ၁ ကျောက်ဖြူမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက်ဖွဲ့စည်းပုံ

အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ကြိုတင်သတိပေးချက်ရသည့်အချိန်မှ အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရာတွင် ပြုလုပ်ရမည့်ကဏ္ဍများကို သက်ဆိုင်ရာဌာနများနှင့် ဖော်ထုတ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များထိရောက်စွာ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ကဏ္ဍ (၈) ခုအတွက် ဖွဲ့စည်းပုံ၊ ချိတ်ဆက်မှုပြပုံစံ၊ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်ထားရှိမှုကို ဆွေးနွေးဖော်ထုတ်ထားသည်။

(၁) ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ
(၂) ကြိုတင်သတိပေးရေးကဏ္ဍ
(၃) ရှာဖွေရေးကယ်ဆယ်ရေးကဏ္ဍ
(၄) ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ
(၅) ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ
(၆) ထောက်ပံ့ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ
(၇) ကနဦးလိုအပ်ချက်နှင့်ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးကဏ္ဍ
(၈) လုံခြုံရေးစောင့်ရှောင့်မှုကဏ္ဍ

## ၃. ၂ ကျောက်ဖြူမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ

ကျောက်ဖြူမြို့နယ်တွင် သဘာဝဘေးအန္တရာယ်အရေးပေါ်သတင်းရရှိသည်မှသည် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် မြို့နယ်အတွင်းရှိ ဌာနအကြီးအကဲများ ပါဝင်သောလုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါအတိုင်း အသစ်ဖွဲ့စည်းထားသည်။ ထိုသက်ဆိုင်ရာဌာနများမှတဆင့် မြို့နယ်အတွင်းရှိ မှတ်ပုံတင်ရေး အဆင့်ဆင့်တွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသည့် အဖွဲ့အစည်းများအပြင် မြို့နယ်အတွင်းရှိ ဌာနအသီးသီးနှင့် ခရိုင်၊ ပြည်နယ်နှင့် ကျေးရွာများအထိ အထက်အောက်ချိတ်ဆက်ရာတွင် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည် ဖြစ်သည်။

### ၃. ၂. ၁ ကျောက်ဖြူမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး၊ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | ရဲတပ်ဖွဲ့မှူး၊ | မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးမှူး၊ | မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ၊ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးစီးမှူး၊ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးမှူး၊ | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးစီးအရာရှိ၊ | မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈ | အမှုဆောင်အရာရှိ၊ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၉ | မြို့နယ်ဆရာဝန် | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | ပညာရေးမှူး၊ | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၁၁ | အင်ဂျင်နီယာ | မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၁၂ | မြို့နယ်ဦးစီးမှူး၊ | မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | ဦးစီးမှူး၊ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | တပ်ဖွဲ့မှူး၊ | ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၅ | မြို့နယ်ဦးစီးမှူး၊ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၆ | မြို့နယ်ဦးစီးမှူး၊ | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၇ | ဦးစီးအရာရှိ၊ | မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ၁၈ | ဦးစီးအရာရှိ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၉ | မြို့နယ်ဦးစီးမှူး | ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးဌာန | အဖွဲ့ဝင် |
| ၂၀ | ဦးစီးအရာရှိ | လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၂၁ | ဦးစီးအရာရှိ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၂၂ | ဥက္ကဌ | မ. ထ. သ | အဖွဲ့ဝင် |
| ၂၃ | ဦးစီးအရာရှိ | စာရင်းစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၂၄ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၂. ၂. ကျောက်ဖြူမြို့နယ်ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍချိတ်ဆက်မှုပုံစံ



### ၃.၂.၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနအဖွဲ့အစည်း |
|---|---|---|
| ၁ | အရေးပေါ်အစည်းအဝေးခေါ်ယူခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဌ၊ ဆပ်ကော်မတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်း၊ ကြက်ခြေနီ |
| ၂ | ဌာနဆိုင်ရာအလိုက်တာဝန်ခွဲပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၃ | ဘေးကင်းရာနေရာ (သို့) ခိုလှုံရာနေရာများသို့ စနစ်တကျ ပြောင်းရွှေ့ရန်ညွှန်ကြားခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဌ |
| ၄ | အရေးပေါ်တုံ့ပြန်စီမံခန့်ခွဲရေးစင်တာဖွင့်လှစ်ခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဌ၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေး |
| ၅ | စားနပ်ရိက္ခာများ၊ ထောက်ပံ့ပစ္စည်းများရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဌ၊ ဆပ်ကော်မတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်း၊ ကြက်ခြေနီ |

## ၃.၃ ကျောက်ဖြူမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ

ကျောက်ဖြူမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်နိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်၊ ခိုလှုံရာနေရာသို့ အချိန်မီရွှေ့ ပြောင်းနိုင်ရန်စသည့် လုပ်ငန်းစဉ်များနှင့် အရေးပေါ်ကာလလိုအပ် သော သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ရန် ကြိုတင်အသိပေးချက်ကဏ္ဍအတွက် လုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃.၃.၁ ကျောက်ဖြူမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၃ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | ခရိုင်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဦးစီးမှူး | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ရဲတပ်ဖွဲ့မှူး | မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၇ | တာဝန်ခံ | ရပ်သံထပ်ဆင့်လွှင့်စက်ရုံ | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးမှူး၊ | မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | မြို့နယ်တပ်ဖွဲ့မှူး | မြို့နယ်ကြက်ခြေနီ | အဖွဲ့ဝင် |
| ၁၀ | အုပ်ချုပ်ရေးမှူးများ | ရပ်ကွက် ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၁၁ | ဦးစီးမှူး၊ | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၃. ၂ ကျောက်ဖြူမြို့နယ် ကြိုတင်အသိပေးရေးကဏ္ဍချိတ်ဆက်မှုပုံစံ




## ၃. ၃. ၃ ကြိုတင်အသိပေးရေးလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှကနေဦးသတင်းထုတ်ပြန်ကြေငြာခြင်း | ခရိုင်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးဦးစီးဌာန |
| ၂ | ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများအား မြို့နယ်ထွေအုပ်မှတဆင့် ဆက်သွယ်ကာ သတင်းများဖြန့်ဖြူးပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ |
| ၃ | သက်ဆိုင်ရာဌာနဆိုင်ရာမှလော်စပီကာများဖြင့်ရပ်ကွက်/ ကျေးရွာများသို့လိုက်လံသတိပေးခြင်း၊ လက်ကမ်းစာစောင်၊ နံရံကပ်ပိုစတာများဖြင့် ဖြန့်ဝေပေးခြင်း | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန |
| ၄ | မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အရေးပေါ်အစည်းအဝေးပြုလုပ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြိုတင်အသိပေးရေးလုပ်ငန်းကော်မတီဝင်များ |
| ၅ | ကျေးရွာဒေသအလိုက်ဌာနဆိုင်ရာအသီးသီးအားတာဝန်ခွဲ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့ |

| | | |
|---|---|---|
| | ဝေသတ်မှတ်ခြင်းနှင့်ခိုလှုံရာနေရာများအားပြည်သူများသိရှိရန်ဆော်ရွက်ပေးခြင်း | နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီ၊ ရပ်ကျေးအုပ်စုအုပ်ချုပ်ရေးမှူး၊ ကြိုတင်အသိပေးရေးလုပ်ငန်းကော်မတီဝင်များ |
| ၆ | မြန်မာအလင်းသတင်းစာ၊ ရေဒီယို၊ ဖုန်းမက်ဆေ့၊ လူမှုကွန်ယက်ဖေ့စ်ဘုတ်၊ ကြေးမုံသတင်းစာများမှဘေး အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီထုတ်ပြန်ကြေငြာခြင်း | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

## ၃. ၄ ကျောက်ဖြူမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ

ရှာဖွေကယ်ဆယ်ရေးကဏ္ဍအတွက် ကျောက်ဖြူမြို့နယ်တွင်ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားရှိသာမက ဘေးအန္တရာယ်အမျိုးမျိုးအတွက်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင်ပါဝင်နိုင်ရန် ရည်ရွယ်ချက်ဖြင့်ဒေသတွင်းရှိ စေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသောသူများနှင့် အရံမီးသတ်၊ ကျေးရွာရှိ လူငယ်ကြက်ခြေနီများပါဝင်သော အရေး ပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Rapid Response Team) ဖွဲ့စည်းထားရန် အကြံပြုပြီး ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများ စီမံဆောင်ရွက်ရန် ဖွဲ့စည်းထားသည်။

### ၃. ၄. ၁ ကျောက်ဖြူမြို့နယ် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ ဖွဲ့စည်းပုံစံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်ဦးစီးမှူး | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ | အဖွဲ့ဝင် |
| ၃ | တပ်ဖွဲ့မှူး | ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄ | မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | အာဏာပိုင်အရာရှိ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| ၆ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၇ | ဥက္ကဋ္ဌ | မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေးအသင်း | အဖွဲ့ဝင် |
| ၈ | ဥက္ကဋ္ဌ | လူမှုရေးအသင်းအဖွဲ့များ | အဖွဲ့ဝင် |
| ၉ | | ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၁၀ | ရဲတပ်ဖွဲ့မှူး | မြို့နယ်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

## ၃. ၄. ၂ ရှာဖွေကယ်ဆယ်ရေးကဏ္ဍချိတ်ဆက်မှုပုံစံ




## ၃. ၄. ၃ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | အရေးပေါ်ကယ်ဆယ်ရေးနှင့်ပတ်သတ်ပြီး လေ့ကျင့်သင်တန်းပို့ချခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ အရံမီးသတ်တပ်ဖွဲ့၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး |
| ၂ | အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအားလုပ်ဆောင်နိုင်ရန် ကော်မတီများဖွဲ့စည်းထားရှိခြင်း (ကျေးရွာ၊ ရပ်ကွက်အဆင့်) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး |
| ၃ | အရေးပေါ်သတင်းရရှိပါကဖွဲ့စည်းပုံအင်အားအတိုင်းလုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအားဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့။ |
| ၄ | ဒဏ်ရာရလူနာများအားအခြားဆေးခန်းသို့ပို့ဆောင်ပေးခြင်း | မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီ၊ ကျန်းမာရေးဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ လူမှုရေးအဖွဲ့အစည်းများ |
| ၅ | ပျောက်ဆုံးလူများအားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း | မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ၊ ရပ်ကျေးအုပ်ချုပ်ရေး မှူး၊ ကြက်ခြေနီတပ်ဖွဲ့ |
| ၆ | မြို့နယ်မီးသတ်အဖွဲ့၊အရံမီးသတ်တပ်ဖွဲ့၊ကျေးရွာအရံမီးသတ်တပ်ဖွဲ့များနှင့်ပေါင်းစပ်ထားရှိခြင်း | မြို့နယ်မီးသတ်ဦးစီးဌာန |

## ၃. ၅ ကျောက်ဖြူမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ

ကျောက်ဖြူမြို့နယ်တွင် ဆိုင်ကလုန်မုန်တိုင်းဘေးကြောင့် ဘေးသင့်ပြည်သူများ ခိုလှုံရာနေရာများသို့ ပြောင်းရွှေ့ခိုလှုံစဉ် ကာလခိုလှုံရာနေရာ အသီးသီးတွင် စီမံခန့်ခွဲရမည့် လုပ်ငန်းစဉ်များဖြစ်သော စားနပ်ရိက္ခာဖြန့်ဖြူးခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းအောင်ပြုလုပ်ခြင်း၊ နောက်ဆက်တွဲ ကပ်ဘေးဆိုးများ မဖြစ်ပွားအောင် အသိပညာပေးခြင်း၊ ထိခိုက်ခံရလွယ်အုပ်စုများကို အကာအကွယ်ပေးခြင်း၊ ယာယီခိုလှုံရာနေရာများနှင့် ယာယီစာသင်ကျောင်းများ အတွက်စီမံခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခြင်းစသည့်လုပ်ငန်းများ ပံ့ပိုးနိုင်ရန် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထား သည်။

### ၃. ၅. ၁ ကျောက်ဖြူမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ၁ | မြို့နယ်ဦးစီးမှူး | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးမှူး | မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးမှူး | မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဦးစီးမှူး | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးမှူး | မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဥက္ကဌ | ဆန်ကုန်သည်ကြီးများအသင်း | အဖွဲ့ဝင် |
| ၉ | မြို့နယ်ပညာရေးမှူး | မြို့နယ်ပညာရေးမှူးရုံး | အဖွဲ့ဝင် |
| ၁၀ | ဥက္ကဌ | မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေးအသင်း | အဖွဲ့ဝင် |
| ၁၁ | ဒုတပ်ရင်းမှူး | မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၂ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၁၃ | မြို့နယ်သာသနာရေးဦးစီးမှူး | သာသနာထွန်းကားပြန့်ပွါးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | မြို့နယ်ဦးစီးမှူး | ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၅ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၁၆ | မြို့နယ်အင်ဂျင်နီယာ | မြန်မာလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၁၇ | မြို့နယ်ဦးစီးမှူး | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၈ | ဦးစီးအရာရှိ | စာရင်းစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၉ | | ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၂၀ | မြို့နယ်ဒုတိယဦးစီးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၅. ၂ ကျောက်ဖြူမြို့နယ် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှု ပုံစံ



### ၃. ၅. ၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | ဘေးအန္တရာယ်မကျရောက်မီ ခိုလှုံရာနေရာအား ဆန်းစစ်ဖော်ထုတ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၂ | နေရာဒေသအလိုက်လူဦးရေအပေါ်မူတည်ပြီးခိုလှုံရာနေရာများအားခွဲဝေသတ်မှတ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခိုလှုံရာနေရာစီမံခန့်ခွဲရေးဆပ်ကော်မတီ |
| ၃ | နာမကျန်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအား ဦးစားပေးဆောင်ရွက်ခြင်း | ခိုလှုံရာနေရာစီမံခန့်ခွဲရေးဆပ်ကော်မတီ |
| ၄ | အိမ်ထောင်စုအလိုက် ကျား၊မ လူဦးရေစာရင်းကောက်ယူခြင်း၊ ရရှိသောစာရင်းများအား သတင်းအချက်အလက် ပြုစုဖော်ပြထားခြင်း။ | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန |
| ၅ | နေရာထိုင်ခင်းများအား စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အိမ်သာ၊ ရေနှင့်မီးများအား စနစ်တကျပြုလုပ်ပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင် ၊ကျေးလက်ဦးစီးဌာန |
| ၆ | ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့နှင့်ပူးပေါင်းပြီးစားနပ်ရိက္ခာများအားစနစ်တကျဖြန့်ဝေခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန။ ပရဟိတအသင်း၊ လူမှုရေးအဖွဲ့များ။ |
| ၇ | ကျန်းမာရေးစောင့်ရှောက်မှုဆိုင်များ စီစဉ်ဆောင်ရွက်ပေးခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်အမျိုးသမီးရေးရာအသင်း၊ မိခင်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း |

## ၃. ၆ ကျောက်ဖြူမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

ကျောက်ဖြူ မြို့နယ်အတွင်း ဘေးအန္တရာယ်ကျရောက်စဉ်ကာလ ထိခိုက်ဒဏ်ရာရသူများအား ညွှန်းပို့ခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင်တားဆီးခြင်း၊ နာတာရှည်ဝေဒနာခံစားနေရသူများအတွက် စီစဉ်ခြင်းစသည့် လုပ်ငန်းစဉ်များဆောင်ရွက်ရန် အောက်တွင်ဖော်ပြပါ ဌာနများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၆. ၁ ကျောက်ဖြူမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ၁ | မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | လက်ထောက်ကျန်းမာရေးမှူး | ကျန်းမာရေးဌာန | အဖွဲ့ဝင် |
| ၃ | တပ်ဖွဲ့မှူး | ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးမှူး | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဦးစီးမှူး | လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဥက္ကဋ္ဌ | အမျိုးသမီးရေးရာကော်မတီ | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးမှူး | တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈ | ဉီးစီးမှူး | မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၆. ၂ ကျောက်ဖြူမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ချိတ်ဆက်မှု ပုံစံ



### ၃.၆.၃ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | ဆေးဝါးများအား ကြိုတင်စုဆောင်းထားရှိခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ အားသဘာဝဘေးအန္တရာယ်နှင့်ပတ်သတ်သောသင်တန်းများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုသင်တန်းများပို့ချထားခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၂ | အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါကခိုလှုံရာနေရာတွင်ယာယီဆေးပေးခန်းများ ဖွင့်လှစ်ထားရှိခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၃ | နောက်ထပ်လိုအပ်သောဆေးဝါးများရှိပါကဆေးဝါးများရရှိအောင်ဆောင်ရွက်ထားခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၄ | အရေးပေါ်လူနာများရှိပါက အခြားသက်ဆိုင်ရာများသို့ လွှဲပြောင်းပေးခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၅ | နောက်ဆက်တွဲရောဂါများမဖြစ်ပွားစေရန်ခိုလှုံရာနေရာတွင်နေထိုင်သော သူများအားလည်းကောင်း၊ ဘေးသင့်ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း | မြို့နယ်ကြက်ခြေနီအသင်း ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၆ | ဒဏ်ရာရလူနာနှင့်သေဆုံးသူများ၏စာရင်းကိုသက်ဆိုင်ရာဌာနများ/မိသားစုများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း |
| ၇ | လူနာအခြေအနေပေါ်မူတည်ပြီးအဆင့်ခွဲထားပြီးလိုအပ်သလိုဆောင်ရွက်ခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာန |
| ၈ | သွားလာရန်ခက်ခဲသောဒေသများမှ လူနာများအတွက် ယာဉ်များအားအဆင့်သင့်စီစဉ်ထားရန်နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ထားခြင်း | မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန |

## ၃. ၇ ကျောက်ဖြူမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ

ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များဖြစ်သော စားရေရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ယာယီခိုလှုံရာပစ္စည်းစသည်တို့ကို ပို့ဆောင်ပေးခြင်း၊ ပို့ဆောင်ဆက်သွယ်မှုအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများ ကြိုတင်ဖော်ထုတ်ထားခြင်း၊ ဌာနဆိုင်ရာများ၊ လူမှုဂရုဏာအဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ကြိုတင်ပေါင်းစပ်ထားခြင်း စသောလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၇. ၁ ကျောက်ဖြူမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ လုပ်ငန်းအတွက် ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်ဦးစီးမှူး | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | ရဲတပ်ဖွဲ့မှူး | မြို့နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | ဦးစီးအရာရှိ | မြန်မာ့လေကြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးမှူး | ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| ၇ | ဦးစီးအရာရှိ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးမှူး | ပြည်တွင်းရေကြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးစီးအရာရှိ | မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | တပ်ဖွဲ့စုမှူး | ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၁၁ | ဥက္ကဋ္ဌ | မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးအသင်း | အဖွဲ့ဝင် |
| ၁၂ | ဦးစီးမှူး | မီးသတ်ဦးစီးဌာန | |
| ၁၃ | တပ်ရင်းမှူး | ကြက်ခြေနီသူနာပြု တပ်ဖွဲ့ | |
| ၁၄ | လူမှုရေးအဖွဲ့အစည်း | | အဖွဲ့ဝင် |
| ၁၅ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

## ၃.၇.၂ ကျောက်ဖြူမြို့နယ်ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ




## ၃.၇.၃ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်ခြင်းပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | စားနပ်ရိက္ခာအဝတ်အထည်နှင့်လိုအပ်သောပစ္စည်းများကိုသိုလှောင်ရုံတွင် စနစ်တကျသိုလှောင်ထားရှိခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြက် ခြေနီ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ |
| ၂ | သယ်ယူပို့ဆောင်ရန်အတွက် မော်တော်ယာဉ်များ၊ ရေယာဉ်များရရှိစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ရေလမ်းခရီးများသွားလာရန်အတွက် ယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများအား သိရှိအောင်ဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာဆိပ်ကမ်းအာဏာပိုင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူထု |

| | | |
|---|---|---|
| ၃ | သက်ဆိုင်ရာခိုလှုံရေးစခန်းများသို့ထောက်ပံ့ပစ္စည်းများလုံလောက်စွာဖြန့်ဝေနိုင်အောင် စီစဉ်ဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ |
| ၄ | လမ်းခရီးတွင်သွားလာရန်အခက်အခဲဖြစ်စေမည့်နေရာများကိုကြိုတင်သတင်း ရယူပြီး လမ်းကြောင်းရှင်းလင်းထားခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြို့နယ်စည်ပင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး |
| ၅ | ဒုက္ခကျရောက်နေသည့် ဘေးသင့်ပြည်သူများ ခိုလှုံရာနေရာသို့လျင်မြန်စွာရောက်ရှိနိုင်အောင် ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီဌာန၊ မြို့နယ်ကြက်ခြေနီ |
| ၆ | ကယ်ဆယ်ရေးပစ္စည်းများလုံလောက်စွာရရှိနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ |

## ၃. ၈ ကျောက်ဖြူမြို့နယ် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ

ဘေးအန္တရာယ်ကျရောက်ပြီးပြီးခြင်း ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်ကို ဆောလျင်စွာသိရှိနိုင်ရန် ကနဦးလိုအပ်ချက် ဆန်းစစ်မှုပြုလုပ်ခြင်း၊ သက်ဆိုင်ရာအထက်သို့ တင်ပြခြင်း၊ ပျက်စီးဆုံးရှုံးမှုအချက်အလက်များကို ကောက်ယူစာရင်းပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းစသော လုပ်ငန်းစဉ်များ ဖော်ဆောင်ရန် အောက်ဖော်ပြပါ ဌာနများဖြင့် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေးကဏ္ဍ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားသည်။

### ၃. ၈. ၁ ကျောက်ဖြူမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | လက်ထောက်ညွှန်ကြားရေးမှူး | မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးစီးအရာရှိ | မြို့နယ်စာရင်းစစ်ဦးစီးမှူးဌာန | အဖွဲ့ဝင် |
| ၅ | ဦးစီးအရာရှိ | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | ဦးစီးအရာရှိ | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးစီးအရာရှိ | မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးအရာရှိ | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ | အဖွဲ့ဝင် |
| ၉ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၁၀ | ဦးစီးအရာရှိ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | မြို့နယ်ဦးစီးမှူး | ပြည်တွင်းအခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | ဦးစီးအရာရှိ | ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | ဦးစီးအရာရှိ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၅ | လက်ထောက်ညွှန်ကြားရေးမှူး | မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၈. ၂ ကျောက်ဖြူမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ချိတ်ဆက်မှု ပြပုံစံ



### ၃. ၈. ၃ ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးလုပ်ငန်းကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ချိတ်ဆက်ခြင်းပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | ဘေးမကျရောက်မီ လူ၊ ကျွဲ၊ နွား၊ တိရိစ္ဆာန်၊ အဆောက်အဦး၊ လမ်း၊ တံတား၊ လယ်ယာမြေ၊ ပျက်စီးဆုံးရှုံးမှု စာရင်းများကို သက်ဆိုင်ရာဌာနများနှင့် ရပ်ကျေးများပူးပေါင်းပြီးစာရင်း ကောက် ယူပြုစုခြင်း | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |
| ၂ | ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူမည့်ပုံစံများ အားးစနစ်တကျ ရေးဆွဲထားရန် | မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ |
| ၃ | ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူမည့်ပုံစံများအား ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်ကျေးစာရေးနှင့်ရပ်မိရပ်ဖများ အားသင်တန်း ပို့ချခြင်းနှင့်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား စာရင်းပြုစု ထားခြင်း | မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
